# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

## ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

၁၃၂၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်။

(၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၁၄ ရက်။)

[ ပြင်ဆင် : 18.04.1964 ]

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ ဤဥပဒေတွင်၊ "အများနှင့်သက်ဆိုင်သောပစ္စည်း" ဆိုသည်မှာ-

(က) တပ်မတော်၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်တဦးဦး၊ သို့တည်းမဟုတ် တည်ဆဲတရားဥပဒေတခုခုအရ ဖွဲ့စည်းထားသည့် ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ဘဏ်၊ အခြားအဖွဲ့တခုခု၊ သို့တည်းမဟုတ်

(ဂ) သမဝါယမအသင်းတခုခု၊ သို့တည်းမဟုတ်

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက၊ အမိန့်ကြော်ငြာစာဖြင့် ကြေညာသော-

(၁) အသင်းများမှတ်ပုံတင်အက်ဥပဒေ အရ မှတ်ပုံတင်ထားသည့် အသင်းတခုခု၊

(၂) မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၆ အရ၊ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အသင်း တခုခု၊

(၃) ပြည်သူတို့ဆိုင်ရာ ယုံမှတ်အပ်နှံမှုအဖွဲ့တခုခု၊ သို့တည်းမဟုတ်

(၄) အခြားအဖွဲ့အစည်းတခုခု၊ ပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် အသုံးပြုရန် လွှဲပြောင်းပေးအပ်ထားသည့်၊ သို့တည်းမဟုတ် သိမ်းဆည်းထား သည့်ငွေ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင်၊ သို့တည်းမဟုတ် အခြားပစ္စည်းတရပ်ရပ်ကို ဆိုလိုသည်။

<ပြင်ဆင် 18.04.1964>

၃။ ။ မည်သူမဆို၊ အများနှင့်သက်ဆိုင်သော ပစ္စည်းတခုခုနှင့် စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားပြုမှု၊ သို့တည်းမဟုတ်၊ လိမ်လည်မှုကျူးလွန်လျှင်၊ တသက်တကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အောက်မနည်းသည့် ထောင်ဒဏ်ဖြစ်စေ၊ စီရင်ခြင်း ခံရမည့်ပြင်၊ ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။



Myanmar Law Information System (MLIS)

၄။ ။ ဤဥပဒေအရဖြစ်သော ပြစ်မှုတခုခုကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၏ အခွင့် အမိန့်မရှိဘဲ၊ မည်သည့်တရားရုံးမှာမျှ စစ်ဆေးစီရင်ပိုင်ခွင့်မရှိစေရ။

ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်။
(၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၁၄ ရက်။)

အမိန့်အရ၊
ဒု-ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)